

# Medicare ချွေတာစုဆောင်းခြင်း အစီအစဉ်များ

## Medicare တွင် ငွေချွေတာခြင်း

## တစ်နှစ်လျှင် $2,100 ကျော်

### သင်၏ လူမှုဖူလုံရေး ချက်လက်မှတ်တွင် ငွေပြန်ထည့်ပါ။

**Medicare ချွေတာစုဆောင်းခြင်း အစီအစဉ်များ အကြောင်း**

ဝါရှင်တန်ပြည်နယ် (Washington State) တွင် အစီအစဉ် လေးခု ရှိသည် -

**အစီအစဉ် 1**

**အရည်အချင်းပြည့်မီသော Medicare အကျိုးခံစားသူ (QMB) အစီအစဉ်**

- အပိုင်း A နှင့်အပိုင်း B ပရီမီယံကြေးများကို ပေးဆောင်ခြင်း
- နုတ်ယူငွေများကိုး ပေးဆောင်ခြင်း
- ဆေးစာများမှလွဲ၍ ပူးတွဲပေးချေမှုများကို ပေးဆောင်ခြင်း

**အစီအစဉ် 2**

**သတ်မှတ်ထားသော ဝင်ငွေနည်း Medicare အကျိုးခံစားခွင့် (SLMB)**

- အပိုင်း B ပရီမီယံကို ပေးဆောင်ခြင်း

**အစီအစဉ် 3**

**အရည်အချင်းပြည့်မီသော တစ်ဦးချင်း အစီအစဉ် (QI-1)**

- အပိုင်း B ပရီမီယံကို ပေးဆောင်ခြင်း

**အစီအစဉ် 4**

**အရည်အချင်းပြည့်မီသော မသန်စွမ်းသူ တစ်ဦးချင်း အလုပ်လုပ်သူ (QDWI)**

- အပိုင်း A ပရီမီယံကို ပေးဆောင်ခြင်း

**အရည်အချင်းပြည့်မီမှု ရှိမရှိ ရှာဖွေခြင်း**

ဤကိုယ်ရေးကိုယ်တာ စာရွက်ကို အသုံးပြုပါ

အောက်ဖော်ပြပါ လွယ်ကူသောအဆင့်များကို လိုက်နာပြီး Medicare ချွေတာရေး အစီအစဉ် အတွက် အရည်အချင်းပြည့်မီမှုရှိမရှိ ရှာဖွေရန် အောက်ပါဇယားနှင့် စုစုပေါင်းပမာဏများကို နှိုင်းယှဉ်ကြည့်ပါ။

1. သင်၏ လစဉ် **စုစုပေါင်း** အိမ်ထောင်စုဝင်ငွေကို ချရေးပါ $__________
2. $20 နုတ်ယူပါ (အိမ်ထောင်တစ်အိမ်လျှင် တစ်ကြိမ် နုတ်ယူပါ) $__________
3. **စုစုပေါင်း ဝင်ငွေ** $__________
4. အကယ်၍ သင့်လစဉ်ဝင်ငွေသည် အထက်ဖော်ပြပါဇယားရှိ အဆင့် တစ်ခုခုတွင် သို့မဟုတ် အောက်တွင်ရှိနေပါက၊ သင်သည် Medicare ချွေတာရေး အစီအစဉ်များ တစ်ခုအတွက် အရည်အချင်းပြည့်မီနိုင်ပါသည်။

**Medicare ချွေတာရေး အစီအစဉ်များ ဝင်ငွေစံနှုန်းများ**

| Medicare အစီအစဉ် အမျိုးအစား | လစဉ် ဝင်ငွေ (တစ်ဦးချင်း) | လစဉ် ဝင်ငွေ (စုံတွဲ) |
|---|---|---|
| အစီအစဉ် 1 QMB | ဒေါ်လာ $1,381အထိ | ဒေါ်လာ $1,874 အထိ |
| အစီအစဉ် 2 SLMB | ဒေါ်လာ $1,506 အထိ | ဒေါ်လာ $2,044 အထိ |
| အစီအစဉ်3 QI-1 | ဒေါ်လာ $1,732အထိ | ဒေါ်လာ $2,351 အထိ |
| အစီအစဉ်4 QDWI | ဒေါ်လာ $2,510 အထိ | ဒေါ်လာ $3,407အထိ |

သက်ဝင်သည့်နေ့ 4/1/2024

* အလုပ်မသန်စွမ်းသူများအတွက် QDWI ပရိုဂရမ်တွင် အထူး ဝင်ငွေ နုတ်ယူမှုများ ပါရှိသောကြောင့် ဤအစီအစဉ်အတွက် အရည်အချင်းပြည့်မီမှုကို ဆုံးဖြတ်ရာတွင် အကူအညီတောင်းခံရန် လိုအပ်ပါသည်။

Washington State Health Care Authority

## ကျွန်ုပ် မည်သို့ လျှောက်ထားနိုင်သနည်း။

လွယ်ပါသည်။ သင်၏ ဒေသခံ ရပ်ရွာအဖွဲ့အစည်း ဝန်ဆောင်မှု ရုံး(CSO) ထံ ဆက်သွယ်ပါ။

- သင့်အနီးအနားရှိ CSO ကို ရှာဖွေပါ - **dshs.wa.gov/office-locations**

  **သို့မဟုတ်**

- အင်တာနက်ပေါ်ရှိ ဖော်ပြပါ ဝဘ်ဆိုဒ်သို့ သွားပါ - **washingtonconnection.org/home/**

  **သို့မဟုတ်**

- သင့်ထံသို့ လျှောက်လွှာတစ်စောင်ပေးပို့ရန် 1-800-562-3022၊ လိုင်းခွဲ 16129 တွင် ကျန်းမာရေးစောင့်ရှောက်မှုအာဏာပိုင် ထံသို့ သင် ဖုန်းခေါ် ဆိုနိုင်ပါသည်။

## အကယ်၍ သင်သည် medicare အကျိုးခံစားသူ တစ်ဦးဖြစ်လျှင်

သင့်အား တစ်နှစ်လျှင် $2,100 ထက် ပိုသက်သာစေမည့် ပရိုဂရမ်တစ်ခု အတွက် သင် အရည်အချင်းပြည့်မီနိုင်ပါသည်။ Medicare ချွေတာရေး အစီအစဉ်များသည် Medicare ပရီမီယံကြေးများ၊ နုတ်ယူမှုများနှင့် အခြား Medicare ဆိုင်ရာ ကုန်ကျစရိတ်များကို ပေးဆောင်ခြင်းဖြင့် အရည်အချင်းပြည့်မီသူများကို ကူညီပေးပါသည်။ သင့်တွင် စံနှုန်း Medicare သို့မဟုတ် Medicare မှ စီမံထားသော စောင့်ရှောက်မှု အစီအစဉ်တစ်ခု ရှိနိုင်ပါသည်။ လျှောက်ထားရန် လွယ်ကူပါသည်။

သတင်းအချက်အလက်နှင့် အကူအညီအတွက် ယနေ့ခေါ် ဆိုပါ — သင်သည် သင့်အိတ်ကပ်ထဲသို့ ပိုက်ဆံပြန်ထည့်နေနိုင်သည်။

## မည်သို့သော အသုံးစရိတ် အမျိုးအစားများ အကျုံးဝင်ပါသနည်း။

Medicare ချွေတာရေး အစီအစဉ်များမှ လွှမ်းခြုံပေးနိုင်သည်များမှာ -

- အပိုင်း A ပရီမီယံကြေးများ
- အပိုင်း B ပရီမီယံကြေးများ
- Medicare ပူးတွဲ-အာမခံ
- Medicare နုတ်ယူမှုများ

## ကျွန်ုပ် အရည်အချင်းပြည့်မီခြင်း ရှိမရှိကို ကျွန်ုပ် မည်သို့သိရှိနိုင်သနည်း။

ဝါရှင်တန်ပြည်နယ်ရှိထောင်နှင့်ချီသောလူများသည် Medicare ချွေတာရေး အစီအစဉ် အတွက် အရည်အချင်းပြည့်မီသည်။ သင်သည် အရည်အချင်းပြည့်မီခြင်း ရှိမရှိ သိရှိရန် ဤလက်ကမ်းကြော်ငြာတွင် ပါရှိသော ဝင်ငွေဇယားကို ကြည့်ရှုပါ။ အကယ်၍ သင့်လစဉ်ဝင်ငွေသည် အထက်ဖော်ပြပါဇယားရှိအဆင့်တစ်ခုခုတွင် သို့မဟုတ် အောက်တွင်ရှိနေပါက၊ သင်သည် Medicare ချွေတာရေး အစီအစဉ် တစ်ခုအတွက် အရည်အချင်းပြည့်မီနိုင်ပါသည်။

## ဤအကျိုးခံစားခွင့်များသည် ကျွန်ုပ်၏ပိုင်ဆိုင်မှုအပေါ် အကျိုးသက်ရောက်မှု ရှိပါသလား။

မဟုတ်ပါ၊ Medicare ချွေတာရေး အစီအစဉ် အတွက် အိမ်ခြံမြေ ပြန်လည်ရယူခြင်း မရှိပါ။

